# ဒီဃနိကာယ်

၇။ အဂ္ဂညသုတ္တ၊ ဒီ ၃၊ ၆၆။ ဒီ-မြန် ၃၊ ၇၁။ ဒီ-ဋ္ဌ ၃၊ ၄၃။ ဒီ-ဋီ ၃၊ ၃၆။

ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေစဉ် ဝါသေဋ္ဌအား" ဝါသေဋ္ဌ၊ ဤသတ္တလောက၌ ဘုရားသည်သာလျှင် အမြတ်ဆုံးဖြစ်၏"ဟု အစချီကာ ကမ္ဘာပျက်ခြင်း၊ တည်ခြင်း၊ မြေဆီလွှာ ဖြစ်ပေါ်လာခြင်း၊ လ၊ နေ နက္ခတ်တာရာ ညဉ့်၊ နေ့၊ လ၊ ဥတု၊ နှစ် ဖြစ်ပေါ်လာခြင်း၊ မြေလွှာဖြစ်ပေါ်လာခြင်း၊ နွယ်ချို သလေးဆန် မိန်းမ၊ ယောကျ်ား ဖြစ်ပေါ်လာခြင်း၊ မေထုန်အကျင့်၊ သလေးဆန် ခွဲဝေခြင်း၊ မဟာသမ္မတ ဝေါဟာရဖြစ်ပေါ်လာခြင်းနှင့် မင်း၊ ပုဏ္ဏား၊ အသည်။ သူဆင်းရဲဟူ၍ အမျိုးလေးပါး ဖြစ်လာခြင်းစသည်တို့ကို ဗဟုသုတဖြစ်ဖွယ် မိန့်တော်မူသည်။

၈။ အမ္ဗဋ္ဌသုတ္တ၊ ဒီ ၁၊ ၈၂။ ဒီ-မြန် ၁၊ ၉၇။ ဒီ-ဋ္ဌ ၁၊ ၂၁၃။ ဒီ-ဋီ ၁၊ ၂၈၆။

ကောသလတိုင်း ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာ၌ သီတင်းသုံးနေစဉ် ဥက္ကဋ္ဌမြို့မှ အမ္ဗဋ္ဌလုလင် ရောက်လာသည်။ ပုဏ္ဏားမျိုးသာ မြတ်သည်ဟု ပြောဆိုသော ၎င်းလုလင်အား မြတ်စွာဘုရားက ကဏှာယနအနွယ်ဖြစ်သော သင်သည် သာကီဝင်မင်းတို့၏ ကျွန်မသား ဖြစ်ကြောင်း။ လက်ထပ်ရေးဆိုင်ရာ ထုံးတမ်းဖြင့် မင်းမျိုးမြတ်ကြောင်း၊ ဝိဇ္ဇာနှင့် စရဏ အကြောင်း၊ ပုဏ္ဏားတို့သည် ၎င်းနှစ်ပါးတို့ ပျက်စီးကြောင်းလေးပါးကိုမျှ မဖြည့်စွမ်းနိုင်ကြကြောင်း အကျယ်ဟောသည်။ ပုရိသနိမိတ်၊ လျှာလက္ခဏာတော်တို့ကိုလည်း တန်ခိုးဖြင့် ပြတော်မူသည်။

၉။ အာဋာနာဋိယသုတ္တ၊ ဒီ ၃၊ ၁၅၈။ ဒီ-မြန် ၃၊ ၁၇၇။ ဒီ-ဋ္ဌ ၃၊ ၁၄၂။ ဒီ-ဋီ ၃၊ ၁၄၇။

ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေစဉ် ဝေဿဝဏ်နတ်မင်းက "အသျှင်ဘုရား၊ မြတ်စွာဘုရားအား မကြည်ညိုသောဘီလူး ကြည်ညိုသောဘီလူးတို့သည် ရှိကြပါ၏၊ အများအားဖြင့် ဘီလူးတို့သည် မြတ်စွာဘုရားအား မကြည်ညိုကြပါ၊ ဘီလူးတို့ကြည်ညိုကြရန် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ရန် အာဋာနာဋိယကို သင်ပေးပါ" ဟု အာဋာနာဋိယဂါထာကို ရွတ်ဆို လျှောက်ထားသည်။ မြတ်စွာဘုရားသည် ပရိသတ်လေးပါးအား တစ်ဖန် ဟောပြသင်ကြားသည်။